## ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၃၃/၂၀၁၆)

**(က)အလုပ်ရှင်မှအယူခံမှု**

| | |
|---|---|
| ဒေါ်သင်းသင်းရွှေ(ပိုင်ရှင်)<br>မြန်မာဟောမာန်ကုမ္ပဏီ၊ အမှတ်(၈၅၃)၊<br>ပြည်ထောင်စုလမ်းမကြီး၊ ၂၈-ရပ်ကွက်၊ဒဂုံမြို့သစ်<br>(မြောက်ပိုင်း)မြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| မောင်အောင်အောင်ပါ(၂)ဦး<br>အမှတ်-၁၁၊ ကျောင်းတော်ရာလမ်း၊<br>ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

**(ခ)အလုပ်သမားမှအယူခံမှု**

| | |
|---|---|
| မောင်အောင်အောင်ပါ(၂)ဦး<br>အမှတ်-၁၁၊ ကျောင်းတော်ရာလမ်း၊<br>ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်သင်းသင်းရွှေ(ပိုင်ရှင်)<br>မြန်မာဟောမာန်ကုမ္ပဏီ၊ အမှတ်(၈၅၃)၊<br>ပြည်ထောင်စုလမ်းမကြီး၊ ၂၈-ရပ်ကွက်၊ဒဂုံမြို့သစ်<br>(မြောက်ပိုင်း)မြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မေလ ၂၄ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်၊ (၂၈)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ အမှတ်(၈၅၃)ရှိ မြန်မာဟောမာန်ကုမ္ပဏီ (ပိုင်ရှင်) ဒေါ်သင်းသင်းရွှေနှင့် မောင်အောင်အောင်ပါ(၂)ဦးတို့အကြား ဖြစ်ပွားကြသောအငြင်းပွားမှုကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်

ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ကအငြင်းပွားမှု အမှတ်(၄၁/၂၀၁၆)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူအလုပ်သမား(၂)ဦးက အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်တွင် အခြေခံလစာ (၁၀၈၀၀၀)ကျပ်ပေးမည်ဟု အလုပ်ရှင်မှ ပြောခဲ့ပြီး မပေးသဖြင့်တောင်းဆိုရာ အလုပ်ရှင်မှ ပေးပြီးဖြစ်သည်ဟုပြောကြားရာ အလုပ်သမား(၂)ဦးမှ ကျေနပ်မှုမရှိ၍ တောင်းဆိုခြင်းခံရသူထံတွင် တောင်းဆိုသည်မှ ဖြစ်ပွားလာသောအငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အောက်ပါကောက်ချက် (၂)ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူသည်ဆုံးဖြတ်ချက်အမှတ်(၁)နှင့် တောင်းဆိုသူတို့မှ ကောက်ချက်များအပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ခုံသမာဓိကောင်စီသို့ လျှောက်ထားခြင်းဖြစ်သည်-

ကောက်ချက်အမှတ်(၁)။ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်အရ အခြေခံလစာ ၁၀၈၀၀၀ိ/-ကျပ်နှုန်းဖြင့် သဘောတူစာချုပ်ချုပ်ဆိုထားသည့်အပြင် လစာ Pay Slip တွင်လည်း အခြေခံလစာ ၁၀၈၀၀၀ိ/-ကျပ်ဟု ဖော်ပြထားသော်လည်း အမှန်တကယ် လက်ရောက်ပေးအပ်မှုမရှိသဖြင့် တောင်းဆိုသူအလုပ်သမား ပန်းချီပညာရှင် ဦးအောင်အောင်နှင့် ဦးကျော်ကျော်တို့သည် အခြေခံလစာ ၁၀၈၀၀၀ိ/- ရထိုက်သည်မှာ မှန်သလား။

ဆုံးဖြတ်ချက်အမှတ်(၁)။ တောင်းဆိုသူဦးအောင်အောင်နှင့်ဦးကျော်ကျော်တို့အား ၂၀၁၅ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလအထိ ရရှိသော အခြေခံလစာများတွင် ဦးအောင်အောင် အခြေခံလစာ ၅၃၀၀၀ိ/-တွင် ၅၅၀၀၀ိ/- စီကိုသော်လည်းကောင်း၊ ဦးကျော်ကျော်၏ အခြေခံလစာ ၅၀၀၀၀ိ/-တွင် ၅၈၀၀၀ိ/-ကျပ်စီထပ်ပေါင်း၍ လည်းကောင်း၊ ၁၀၈၀၀၀ိ/- ပြည့်မီရန် ထပ်မံ၍ အလုပ်ရှင်မှ အသီးသီး ဖြည့်စွက်ပေးချေသွားရန်ဆုံးဖြတ်သည်။

**ကောက်ချက်အမှတ် (၂)။** လုပ်ငန်းပိုင်ဆိုင်ရာ စီမံခန့်ခွဲခြင်းတာဝန်ယူရသော Mr.Bert နှင့် တောင်းဆိုသူအလုပ်သမားနှစ်ဦးတို့ နှစ်ဖက်သဘောတူညီချက်အရ Mr.Bert အာမခံထားသည့် ပမာဏအတိုင်း ဦးအောင်အောင်အား ၂၈၀၀၀၀ိ/-၊ဦးကျော်ကျော်အား ၂၇၇၇၀၀ိ/-နှုန်း ပြည့်မီအောင် လစဉ်လုပ်ခလစာအဖြစ် အလုပ်ရှင်မှ ပေးသင့်သည်မှာ မှန်သလား။

**ဆုံးဖြတ်ချက်အမှတ် (၂)။** တောင်းဆိုသူအလုပ်သမား (ပန်းချီပညာရှင်) ဦးအောင်အောင်နှင့် ဦးကျော်ကျော်တို့သည် Mr.Bert ကတိပြုအာမခံထားသည်ဆိုခြင်း မှာသက်သေအထောက်အထား ခိုင်မာစွာတင်ပြနိုင်ခြင်းမရှိသဖြင့် ၎င်းတို့အား ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ၌ ရရှိသော လစာ ၂၇၇၇၀၀ိ/-၊ ၂၈၀၀၀၀ိ/- အတိုင်း လစဉ်ပြည့်မီအောင်ပေးရန် အလုပ်ရှင်၌ တာဝန်မရှိဟု ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ (၄၁/၂၀၁၆)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှု မရှိသဖြင့် မြန်မာဟောမာန်ကုမ္ပဏီ (ပိုင်ရှင်) ဒေါ်သင်းသင်းရွှေနှင့် မောင်အောင်အောင်ပါ(၂)ဦး တို့မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ်(၃၃/၂၀၁၆)အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို အစိုးရကိုယ်စား လှယ်အဖြစ် ဥက္ကဋ္ဌ ဦးအောင်သန်း၊ အလုပ်ရှင်ကိုယ်စားလှယ်အဖြစ် အဖွဲ့ဝင် ဦးထွန်းအောင် အလုပ်သမားကိုယ်စားလှယ်အဖြစ် အဖွဲ့ဝင် ဦးဌေးတို့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေ ရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီရှေ့မှောက် ထွက်ဆိုချက်မှတ်တမ်းများနှင့် တင်ပြလာသော စာရွက်စာတမ်း အထောက်အထားများအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

**ကောက်ချက်အမှတ်(၁)။** အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်အရ အခြေခံလစာ ၁၀၈၀၀၀ိ/-နှုန်းဖြင့် သဘောတူစာချုပ် ချုပ်ဆိုထားသည့်အပြင် လစာ Pay Slip တွင်လည်း အခြေခံလစာ ၁၀၈၀၀၀ိ/-ဟု ဖော်ပြ ထားသော်လည်း အမှန်တကယ် လက်ရောက်ပေးအပ်မှုမရှိသဖြင့် တောင်းဆိုသူအလုပ်သမား ပန်းချီပညာရှင် မောင်အောင်အောင်နှင့် မောင်ကျော်ကျော်တို့သည် အခြေခံလစာ ၁၀၈၀၀၀ိ/- ရထိုက်သည် မှာ မှန်သလား။

**သုံးသပ်ချက်အမှတ်(၁)။** အနည်းဆုံးအခကြေးငွေပြဋ္ဌာန်းပြီးနောက်၂၀၁၅ ခုနှစ်၊စက်တင်ဘာလ လစာများထုတ်ပေးရာတွင် အလုပ်ရှင်နှင့် အလုပ်သမား တင်ပြထားသော အခကြေးငွေပေးမှတ်တမ်းများတွင် လစာဟူသောခေါင်းစဉ်အောက်တွင် တောင်းဆိုသူအလုပ်သမားများအား ကျပ် ၁၀၈၀၀၀/-စီဖြင့် ပေးချေထားကြောင်းနှင့် အလုပ်သမားများက လက်မှတ်ရေးထိုး၍ထုတ်ယူထားကြောင်း ထွက်ဆိုထားခဲ့သည်ကို တွေ့ရှိရသည်။ သို့သော် အလုပ်သမားများအား လစာပေးချေရာတွင် Pay Slip ဖြင့် ပေးချေမှုမရှိဘဲ၊ စာအိတ်ဖြင့်သာပေးချေသည်ကို တွေ့ရှိရပါသည်။ အလုပ်ရှင်မှ အခကြေးငွေ ပေးချေရာတွင် လစာ Pay Slip ဖြင့်ပေးချေရန်နှင့် ထို Slip တွင် ပေးချေသည့် အခကြေးငွေ ၁၀၈၀၀၀/- အပြင် တစ်လတာအတွင်း အလုပ်သမားရရှိသင့်သော အခြားအခကြေးငွေများကို တိကျစွာတွက်ချက်ဖော်ပြ၍ ရှင်းလင်းပေးချေရန်လိုအပ်ကြောင်း သုံးသပ်ပါသည်။

**ကောက်ချက်အမှတ်(၂)။** လုပ်ငန်းပိုင်ဆိုင်ရာ စီမံခန့်ခွဲခြင်းတာဝန်ယူရသော Mr.Bert နှင့် တောင်းဆိုသူ အလုပ်သမားနှစ်ဦးတို့ သဘောတူညီချက်အရ Mr.Bert အာမခံထားသည့် ပမာဏအတိုင်း မောင်အောင်အောင်အား၂၈၀၀၀၀/-၊ မောင်ကျော်ကျော်အား ၂၇၇၇၀၀/-နှုန်း ပြည့်မီအောင် လစဉ် လုပ်ခလစာအဖြစ် အလုပ်ရှင်မှ ပေးသင့်သည်မှာ မှန်သလား။

**သုံးသပ်ချက်အမှတ်(၂)။** Mr. Bert နှင့် အလုပ်သမားနှစ်ဦးတို့ သဘောတူခဲ့သည်ဆိုသည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ အထောက်အထားတင်ပြခြင်း မရှိကြောင်းတွေ့ရှိပါသည်။ အကယ်၍ သဘောတူညီချက်ရှိလျှင်လည်း တည်ဆဲ ၂၀၁၆ ခုနှစ် အခကြေးငွေပေးချေရေး ဥပဒေအရဆောင်ရွက်ရမည့်ကိစ္စဟု သုံးသပ်ပါသည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်သမားများအား အခကြေးငွေပေးချေရာတွင် အမှတ်တကယ် ပေးချေသည့် တစ်လအတွက် အခကြေးငွေကို Pay Slip တွင် တိကျစွာဖော်ပြ၍လည်းကောင်း၊ အခြားပေးချေရမည့် အခကြေးငွေကို သက်ဆိုင်ရာခေါင်းစဉ်များအလိုက် တိကျစွာတွက်ချက်ဖော်ပြ၍ ပေးချေသွားရန် ဆုံးဖြတ်သည်။

ဆုံးဖြတ်ချက်အမှတ်(၂) ခုံသမာဓိကောင်စီ၏ လုပ်ပိုင်ခွင့်မှုဘောင်နှင့် အကြုံးမဝင်သော ကြောင့် အလုပ်သမား(၂)ဦး၏ တောင်းဆိုချက်ကို ပယ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။

| | | |
|---|---|---|
| ဦးထွန်းအောင် | ဦးအောင်သန်း | ဦးဌေး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |